
Burmese / မြန်မာစာ

Government of **Western Australia**
**North Metropolitan Health Service**
**Dental Health Services**



# သွားသေးသေးများအတွက် အကြံပြုချက်များ

## ၁၈လအောက် ကလေးများအတွက်

ကလေးသွားများသည် အောက်ပါအကြောင်းများကြောင့် အရေးကြီးပါသည်။

- ကလေးများ အစာစားနိုင်ရန်နှင့် ကြီးထွားနိုင်ရန် ကူညီပေးသည်
- ကလေးများ စကား ပီပီသသ ပြောနိုင်အောင် ကူညီပေးသည်
- မေးရိုးများနှင့် မျက်နှာကို ပုံဖော်ပေးသည်
- လူကြီးသွားများအတွက် နေရာထားပေးသည်
- သွားများသည် ကလေးများအား လှပသော အပြုံးနှင့် ပင်ကိုယ်ရုပ်သွင်ကောင်း ရှိစေရန် ကူညီပေးသည်။



### သွားတိုက်ရန် အကြံပြုချက်များ

- အစာစားပြီးနောက် သွားတစ်ချောင်းစီ၏ ရှေ့နှင့်နောက်ကို သန့်ရှင်းသော အဝတ်စိုဖြင့် ညင်သာစွာ သုတ်သင်ပေးပါ။
- သင့်ကလေးသွားများ စပေါက်လာပါက နူးညံ့သော အမွေးတိုတို သွားပွတ်တံ သေးသေးကို စတင်အသုံးပြုပါ။
- ကလေး စိတ်ဝင်စားပါက သွားပွတ်တံကို စောစော စသုံးပါ၊ သို့သော် လူကြီးတစ်ဦးဦးက သွားတိုက်ရာတွင် ကူညီပေးပါ။

Smiling Starts ဝက်ဘ်ဆိုက်တွင် ဗီဒီယိုတိုများကို ကြည့်ရှုပြီး အခြားအသုံးဝင်သော ထုတ်ပြန်ချက်များကို ဖတ်ရှုပါ။

**မေးမြန်းစရာများရှိပါက ၁၈၀၀ ၉၃၉ ၆၆၆ သို့ ဆက်သွယ်ပါ။**

**တာဝန်မရှိကြောင်း ရှင်းလင်းချက်။:** ဤထုတ်ဝေမှုသည် အခြေခံပညာပေးရေးနှင့် သတင်းထုတ်ပြန်ရေးအတွက် ဖြစ်ပါသည်။ လိုအပ်သော ကျန်းမာရေးအကြံဉာဏ်များအတွက် ကျွမ်းကျင် ကျန်းမာရေးပညာရှင်များအား ဆက်သွယ်ပါ။

**မသန်စွမ်းသူများအတွက် ဤစာရွက်စာတမ်းကို အခြားပုံစံများဖြင့် တောင်းခံရရှိနိုင်ပါသည်။**

Early Childhood Dental Program

smiling starts

Consumer Approved

Produced by the Early Childhood Dental Program
© State of Western Australia, Child and Adolescent Health Service 2024 Ref: 1743